မကြီးကုန်းလေးကျေးရွာ

ဆင်ပေါင်ဝဲမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

၂၀၂၆ - ၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မကြီးကုန်းလေးကျေးရွာ ၊ ဆင်ပေါင်ဝဲမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၆ခု နှစ် ၊ နိုင်ဝင်ဘာလ ရက်

မာတိကာ

မာတိကာ ၁

စကားချီး ၅

မကြီးကုန်းလေးကျေးရွာ အရင်းအမြစ်ပြဓေပုံ၊ ရာသီခွင်ပြက္ခဒိန်၊အဖွဲ့အစည်းချိတ်ဆက်မှု ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၀

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၂

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၃

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၁၈

အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ဦးစားပေးစီမံချက်များနှင့်ဝ်် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
(က)ဦးစားပေး စီမံချက်များ
(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၂
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္ထုနှင့်အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိ\ခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်းအဓိကအကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစားများ
ဇယား ၃၉ ကျား-မရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ(၂)

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၅

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ ၆၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၆/၂၀၂၇ဘဏ္ဍာရေးနှစ်မှ ၂၀၃၀/၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့မကြီးကုန်းလေးကျေးရွာ၏ ကျေးရွာသူ / သား များပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် သမဝါယနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိ ရပ်ဖ၊ ဖွံ့ဖြိုးရေးကော်မတီနှင့် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင် ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏာန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာ များမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက် တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရန်လည်းလိုအပ်နေပါမည်။


ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မကြီးကုန်းလေးကျေးရွာ ၊ ဆင်ပေါင်ဝဲမြို့နယ်

နိုဝင်ဘာလ ၊ ၂၀၂၆ ခုနှစ် ရက် ။


ဆင်ပေါင်ဝဲမြို့နယ်၊ စည်တိုင်းကျေးရွာအုပ်စု၊ မကြီးကုန်းလေးကျေးရွာ၏ အရင်းအမြစ်ပြမြေပုံ




ရည်ညွှန်း - မကြီးကုန်းလေးကျေးရွာ၊ စည်တိုင်းကျေးရွာအုပ်စု၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်း အကဲဖြတ်ခြင်းမှရယူသည်။ (၂၀၂၆ခုနှစ်၊ စက်တင်ဘာ လ ၂၇ ရက်)

ဆင်ပေါင်ဝဲမြို့နယ်၊ စည်တိုင်းကျေးရွာအုပ်စု၊ မကြီးကုန်းလေးကျေးရွာ၏

ရာသီခွင်ပြကွဒိန်



ဆင်ပေါင်ဝဲမြို့နယ်၊ စည်တိုင်းကျေးရွာအုပ်စု၊ မကြီးကုန်းကျေးရွာ၏ ကျေးရွာအတွင်း/ကျေးရွာပြင်ပ အဖွဲ့အစည်းချိတ်ဆက်ပြပုံ



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သောဌာနတို့၏သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက်ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်များဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ဆင်ပေါင်ဝဲမြို့နယ်သည် မကွေးတိုင်းဒေသကြီး အောင်လံခရိုင်အတွင်းတည်ရှိ၍ (၇၉၁.၃၄) စတုရန်းမိုင်ကျယ်ဝန်းသော မြို့နယ်တစ်မြို့နယ် ဖြစ်ပါသည်။ ဆင်ပေါင်ဝဲမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ်နှင့် ၁၉ဒီဂရီ ၄၈ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၁၉ ဒီဂရီ ၀၁ မိနစ် နှင့် ၉၅ ဒီဂရီ ၄၃ မိနစ် အကြားတွင်တည်ရှိပါသည်။ ဆင်ပေါင်ဝဲမြို့နယ်သည် အရှေ့ဘက်တွင် လယ်ဝေးမြို့နယ်၊ အနောက်ဘက်တွင်မင်းလှမြို့နယ်၊ တောင်ဘက်တွင် အောင်လံမြို့နယ်၊ သရက်မြို့နယ်နှင့် ထိစပ်နေပါသည်။

ဆင်ပေါင်ဝဲမြို့နယ်သည် မိုးခေါင်ရေရှားရပ်ဝန်းတွင်တည်ရှိ၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုတွင်တည်ရှိပါသည်။

မကြီးကုန်းလေးကျေးရွာသည် စည်တိုင်းကျေးရွာအုပ်စုတွင်ပါဝင်ပြီး ဆင်ပေါင်ဝဲမြို့မှ ဧရာဝတီမြစ်၏အနောက်မြောက်ဘက်(၁၃)မိုင် အကွာတွင်တည်ရှိပါသည်။ မကြီးကုန်းလေးကျေးရွာသည် ရေလမ်း၊ ကုန်းလမ်းများရှိပြီး ကုန်းလမ်းမှာအချိန်မရွေး၊ ရာသီမရွေးယာဉ်မျိုးစုံဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ အဓိကစိုက်ပျိုးသောသီးနှံမှာ နှမ်း၊ ပဲစဉ်းငုံ၊ ဝါ၊ ပဲကြီးသီးနှံများကို စိုက်ပျိုးကြပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

မကြီးကုန်းလေးကျေးရွာတွင် လယ်ယာစိုက်ပျိုးရန်အတွက် မိုးရေကိုသာအားထားရပါသည်။ ရိုးချောင်းများရှိသဖြင့် သဲကိုအလွယ်တကူရရှိနိုင်ပါသည်။ မကြီးကုန်းလေးကျေးရွာတွင် သဘာဝဆေးဖက်ဝင်အပင်များအနေဖြင့် ဇီးဖြူ၊ ဖန်ခါး၊ ဆင်တုံးမန္တယ်၊ သခွပ်ပင်အစရှိသော အပင်များပေါများပါသည်။ ရှား၊ ကုက္ကို၊ တမာ၊ ထနောင်း၊ ဒဟတ်၊ သန်း၊ မန်ကျည်းအစရှိသော အပင်မျိုးစိတ်များ ရှားပါးလာပြီး တိရိစ္ဆာန်မျိုးစိတ်များလည်း လျော့နည်းလာပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

မကြီးကုန်းလေးကျေးရွာတွင် အိမ်ထောင်စု(၁၂၀)စုရှိပြီး၊ လူဦးရေစုစုပေါင်း(၅၀၉)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင်(၃)ဦးနှုန်းရှိပါသည်။ သို့ရာတွင်အသက်(၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ် နိုင်သော လူဦးရေမှာ(၇၃)%ရှိသောကြောင့် လူသားအရင်းအမြစ်များအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ မှုပေးနိုင်ပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၄၀) ရာခိုင်နှုန်းနီးပါးမှာ ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အလယ်အလတ်အဆင့် အဆင်ပြေသော အိမ်ထောင်စု(၄၂)စုရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စု(၂၀)အိမ်

ထောင်စုနှင့် အချမ်းသာဆုံး အိမ်ထောင်စု(၁၀)စုရှိပါသည်။ ဥစ္စာဓနအဆင့် သတ်မှတ်ချက်များမှာ အိမ်အနေအထား၊ ယာမြေပိုင်ဆိုင်မှု၊ လယ်ယာလုပ်ငန်းသုံး ကိရိယာ(နွား၊ နွားလှည်း)၊မော်တော်ယာဉ်၊ အလုပ်အကိုင်၊ ဝင်ငွေစသည်တို့ နှင့်သတ်မှတ်ခဲ့ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၄၈)စုရှိသည့်အနက် (၁၉)အိမ်ထောင်စုမှာ (၃)လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/ နပ်မှန်အောင် စားသောက်နိုင်ပြီး ကျန်အိမ်ထောင်စုမှာ တစ်နေ့လုပ်တစ်နေ့စားများဖြစ်ကြပါသည်။ ထိုအိမ်ထောင်စုများသည် ဆွေမျိုး၊ မိတ်ဆွေများထံမှ ငွေချေးယူခြင်းနည်းလမ်းများဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသောအိမ်ထောင်စုများ၊ မြေယာမဲ့ ဆင်းရဲသားတောင်သူများသည် အခြားမိသားစုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်သာ အများအားဖြင့် မှီခိုအားထားရသည်ဖြစ်ရာ ဘေးအန္တရာယ် တစ်ခုခုနှင့်ကြုံတွေ့ရပါက ပြန်လည်ထူထောင်ရန်ခက်ခဲပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ကျေးရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းကြပြီး အာဟာရပြည့်ဝမှုရှိသည်။ မကြီးကုန်းလေးကျေးရွာအတွင်း ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ အသေးစားကျန်းမာရေး တစ်ခုခုဖြစ်ပွားပါက(၃)မိုင်ခန့်ဝေးသော စည်တိုင်းရွာမကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့သွားရောက်ကုသရပြီး အကြီးစားကျန်းမာရေးဖြစ်ပွားပါက (၁၄)မိုင်ခန့်ဝေးသော မင်းလှမြို့ပြည်သူ့ဆေးရုံတွင်သွားရောက်ပြသကြပါသည်။ ကျေးရွာတွင် ရေလောင်း/ယင်လုံအိမ်သာ အသုံးပြုသော အိမ်ထောင်စု(၇၃)စုရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ တွင်းရှိအိမ်သာများကို အသုံးပြုကြပါသည်။ ရာသီအကူးအပြောင်းတွင် ဝမ်းပျက်ဝမ်းလျောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

မကြီးကုန်းလေးကျေးရွာတွင်အလယ်တန်းကျောင်းရှိပြီး မူလတန်းကျောင်းသားဦးရေ(၄၃)ဦး အလယ်တန်းအဆင့်ရှိသူဦးရေ(၅၈)ဦး၊ အထက်တန်း အဆင့်ရှိသူဦးရေ(၂၀)ဦးနှင့် တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ(၁)ဦးရှိပါသည်။ ဆရာ(၁)ဦးနှင့် ဆရာမ(၃)ဦး စုစုပေါင်း(၄)ဦးရှိပါသည်။ ကျောင်းသုံးပရိဘောဂမှာ အနည်းငယ်လိုအပ်မှုရှိပါသည်။ တက္ကသိုလ်ကျောင်းသားများသည် မကွေးမြို့သို့သွားရောက်၍ တက်ရောက်ကြရပါသည်။

မကြီးကုန်းလေးကျေးရွာသည် အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်ကြသူမှာ (၄၃)အိမ်ထောင်စုရှိပြီး စုစုပေါင်းအိမ်ထောင်စု၏ (၃၅)ရာခိုင်နှုန်းရှိပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အငှားလိုက်သော အိမ်ထောင်စု(၁၄)စုရှိပါသည်။ ကျန်အိမ်ထောင်စုများသည်ကျပန်းလုပ်ငန်း၊ အရောင်းအဝယ်၊ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

မကြီးကုန်းလေးကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ (၃၇၄)ဦးရှိ၍ ကျား(၁၈၂) ဦးနှင့် မ (၁၉၂)ဦး ရှိသောကြောင့် အမျိုးသား၊အမျိုးသမီး အနည်းငယ်သာကွာခြားပါသည်။ လုပ်သားခအနေဖြင့် စိုက်ပျိုးရေး လုပ်ငန်းတွင် အမျိုးသားများအတွက် တစ်နေ့ဝင်ငွေပျမ်းမျှ(၂၀၀၀၀)ကျပ် မှ (၁၇၀၀၀)ကျပ်ရရှိ၍ အမျိုးသမီးများသည်လည်း တစ်နေ့ပျမ်းမျှ(၁၅၀၀၀)ကျပ်မှ (၁၂၀၀၀)ကျပ်ရရှိကြပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း မူလတန်း အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုတွင်ကျားမတန်းတူညီမျှမှုရှိပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာအတွင်း အဖွဲ့အစည်းပေါင်း(၉)ဖွဲ့ ရှိပါသည်။ အဖွဲ့အစည်းအားလုံးကို ကျေးရွာသူ/ သားများ ၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပရဟိတအဖွဲ့သည် ကျေးရွာတွင်လူငယ်များ ပါဝင် ရမည့်အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်သည်။ ဝတ်အသင်းအဖွဲ့ကို အမျိုးသား/အမျိုးသမီးများဖြင့် ဖွဲ့စည်းထားပြီးဝါတွင်းကာလများ၊ အခါကြီး၊ ရက်ကြီးများ၊ ဘုရားပွဲများတွင် ဝတ်ရွတ်ခြင်းများ ဆောင်ရွက်ပါ သည်။ အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးကိစ္စ များတွင် ပါဝင်ဆောင်ရွက်ပါသည်။ အဖွဲ့အချင်းချင်းကြား ဆက်သွယ်ဆောင်ရွက်မှုရှိပါသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်သူများသည် စာရင်းဇယားများကို ထိန်းသိမ်းထားပါသည်။ ယခုအခါ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ ရွာသားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ် ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

မကြီးကုန်းလေးကျေးရွာတွင် စိုက်ပျိုးမြေဧကပေါင်း(၈၅)ဧကရှိပြီး (၈၅)ဧကတွင် နှမ်း၊ ပဲစင်းငုံ၊ ဝါနှင့် ပဲကြီးများ စိုက်ပျိုးကြပါသည်။ နှမ်း၏(၁)ဧက ပျမ်းမျှအထွက်နှုန်းမှာ (၄)တင်းမှ (၃)တင်း၊ ပဲစင်းငုံ၏(၁)ဧက ပျမ်းမျှအထွက်နှုန်း(၆)တင်းမှ (၅)တင်း၊ ပဲကြီး(၁)ဧက၏ ပျမ်းမျှအထွက်နှုန်းမှာ (၁၀)တင်းမှ (၈)တင်း၊ ဝါ၏(၁)ဧက ပျမ်းမျှအထွက်နှုန်း (၄၀၀)ပိဿာမှ (၃၅၀)ပိဿာထွက်ရှိပါသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ်တွေ့ကြုံခံစားရပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထားရသောကြောင့် တောင်သူများမှာ ရာသီဥတုမမှန်ခြင်း ၊ စိုက်ပျိုးရေ လုံလောက်မှု

မရှိခြင်းစသည်တို့ကို ကြုံတွေ့ရပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းနွှားများကိုသာ အသုံးပြုကြပြီး ထွန်စက်ကို တစ်နာရီလျှင် (၁၀၀၀၀၀)ကျပ်ဖြင့် ငှားရမ်းလုပ်ကိုင်ကြပါသည်။ ထို့ကြောင့် မိမိတို့ကျေးရွာရှိ တောင်သူများအတွက် အထွက်နှုန်းတိုးနိုင်သည့် နည်းစနစ်များကို သော်လည်းကောင်း၊ ဈေးကွက်သို့ တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့ခြင်းဖြင့်သော်လည်းကောင်း စိုက်ပျိုးရေးဗဟုသုတများ ပြည့်စုံကြွယ်ဝလာစေရန် အကူအညီပေးနိုင်မည့် အဖွဲ့အစည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများ ရရှိနိုင်မည့်အဖွဲ့အစည်းများ နှင့်ချိတ်ဆက်နိုင်မည်ဆိုလျှင် တောင်သူမိသားစုများ၏ လူနေမှုဘဝပိုမို ချောင်လည်လာနိုင်မည်ဖြစ်ပါသည်။

စိုက်ပျိုးမြေဆီလွှာများအတွင်းသို့ သဘာဝမြေဩဇာများ၊ အပင်အကြွင်းအကျန်များ ပြန်လည်ထည့်သွင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်သည့် အလေ့အထများရှိသည့်အားလျော်စွာ စိုက်ပျိုးသီးနှံများနှင့် ကိုက်ညီသောဘက်စုံ အာဟာရထည့်သွင်း နည်းစနစ်များအတိုင်း ကျင့်သုံးလာနိုင်မည်ဆိုလျှင် တောင်သူများအကျိုးအမြတ် ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါသည်။

မကြီးကုန်းလေးကျေးရွာတွင် နွားမွေးမြူရေးလုပ်ငန်းကို ခိုင်းနွှားများအဖြစ်သာ မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

မကြီးကုန်းလေးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများမှာ ပြည်ပသို့သွားရောက်လုပ်ကိုင်ကြသူများနှင့် ကျပန်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ကျပန်းအလုပ်သမားများ၏ တစ်နေ့ဝင်ငွေသည်အမျိုးသား (၂၀၀၀၀)ကျပ်နှင့် အမျိုးသမီး (၁၅၀၀၀)ကျပ်ရရှိပါသည်။ တောင်သူလုပ်ငန်း လုပ်ကိုင်ချိန်တွင်အလုပ်ရှိပြီး ကျန်အချိန်များတွင် အလုပ်မရှိပါ။ နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်သူများလည်းရှိသည်။

ကုန်ထုတ်လုပ်ငန်းများ ပေါ်ထွက်လာစေရန် နည်းပညာနှင့်အရင်းအနှီးမတည်ပေးခြင်း၊ ဈေးကွက်ဆိုင်ရာသင်တန်းများပေးခြင်း၊ နည်းပေးလမ်းပြ၍ အစဉ်တစိုက်ကူညီဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများပေးခြင်း၊ အတိုးနှုန်းသက်သာသော ချေးငွေကဏ္ဍများနှင့် ချိတ်ဆက်ပေးနိုင်မည်ဆိုပါက ဝင်ငွေအခွင့်အလမ်းများရရှိပြီး လူနေမှုဘဝများ မြင့်မားလာနိုင်ပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

မကြီးကုန်းလေးကျေးရွာတွင် စိုက်ပျိုးသီးနှံများ ဖူးပွင့်လာသည့်အချိန်တွင် မိုးခေါင်ခြင်း၊ ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံဓါတုဆေးဝါးများ သုံးစွဲမှုများပြားသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံများကို စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ချေးငွေဝန်ဆောင်မှုများ မရှိပါ။ ယခင်က ပြင်ပအဖွဲ့အစည်းများမှ ချေးငွေဝန်ဆောင်မှုများရှိပါသည်။ ယခုအချိန်တွင် ချေးငွေလိုအပ်ပါကကျေးရွာရှိဆွေမျိုးများနှင့် မင်းလှမြို့ရှိ အပေါင်ဆိုင်တွင် ရွှေထည်ပစ္စည်းများအပေါင်ထား၍ ချေးငွေယူကြပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

မကြီးကုန်းလေးကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး လက်ရှိပညာသင်တက်ရောက်သူ မူလတန်းအဆင့်ကျောင်းသား/ ကျောင်းသူ (၄၃)ဦး၊ တက်ရောက်ပညာ သင်ကြားနေကြပါသည်။ မကြီးကုန်းလေးကျေးရွာရှိ မူလတန်းကျောင်းတွင်ဆရာ/ဆရာမ (၄)ဦးရှိပါသည်။ အလယ်တန်း အဆင့်(၅၈)ဦး၊ အထက်တန်းအဆင့်(၂၀)ဦးရှိပြီး ၎င်းကျောင်းသား/သူများသည် ကျေးရွာနှင့်(၃)မိုင်ဝေးသော စည်တိုင်းရွာမကျေးရွာအထက်တန်းကျောင်းသို့လည်းကောင်း၊ တက္ကသိုလ်တက်ရောက်သည့် ကျောင်းသား၊ ကျောင်းသူများသည် ကျေးရွာနှင့်(၃၇)မိုင်ဝေးသော မကွေးမြို့သို့သွားရောက် ကျောင်းတက်ရပါသည်။ တပည့်ဆရာအချိုးလုံလောက်မှုမရှိပါ။ ကျောင်းအနေအထားမှာ (၆၀' × ၃၀')ကျောင်းဆောင်(၂)ဆောင်နှင့်(၂၀' × ၂၀') ကျောင်းဆောင်(၁)ဆောင်ရှိပါသည်။ (၂၀' × ၂၀')ကျောင်းဆောင်မှာ ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ထားရှိပြီး ကျောင်းဆရာ/ဆရာမများနေထိုင်ရန်ဖြစ်ပါသည်။ ကျောင်းသုံးပရိဘောဂများအလုံအလောက်မရှိပဲ ကျောင်းအာဟာရတိုက်ကျွေး ခြင်း၊ ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲများကို ပညာရေးဦးစီးဌာနမှ ပြုလုပ်ပေးသည်။ ကျောင်း အားကစားကွင်း အလုံအလောက်မရှိပါ။ ယခုအခါတွင် မကြီးကုန်းလေးကျေးရွာ၌ မူလတန်း (၄၃)ဦး၊ အလယ်တန်း(၅၈)ဦး၊ အထက်တန်းအဆင့်(၂၀)ဦးနှင့် တက္ကသိုလ်(၁)ဦး ဆက်လက်ပညာ သင်ကြားလျက်ရှိ ပါသည်။

မကြီးကုန်းလေးကျေးရွာအတွင်း ဆီးချို၊ သွေးတိုးဖြစ်ပွားသူအနည်းငယ်ရှိပြီး မိုးရာသီတွင် တုပ်ကွေးဖြစ်ပွားမှုများရှိပါသည်။ မကြီးကုန်းလေးကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းလည်းမရှိသေးပါ။ ကျန်းမာရေး တစ်ခုခုဖြစ်ပွားပါက (၃)မိုင်ခန့်ဝေးသော စည်တိုင်းရွာမကျေးရွာ ကျေးလက်ဆေးပေးခန်းသို့ အဓိကထား၍ သွားရောက်ပြသပါသည်။ ကျန်းမာရေးအသိပညာများ လက်လှမ်းမီမှုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် သောက်သုံးရေအတွက် လက်တူးတွင်း (၅)တွင်းရှိပြီး သောက်သုံးရေအတွက် (၁၂)ရာသီပတ်လုံး ရေလုံလောက်မှုရှိပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

မကြီကုန်းလေးကျေးရွာ လူငယ်များသည် ဘာသာရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြပါသည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး မီးသုံးစွဲမှုအတွက် မဟာဓါတ်အားလိုင်းရရှိပါသည်။ ဓါတ်အားလိုင်း မသွယ်ယူနိုင်သည့် အိမ်ထောင်စုများအနေဖြင့် ဆိုလာနှင့် အခြားမီးလင်းရေးလုပ်ငန်းများဖြင့် သုံးစွဲကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကိုစျေးကွက်နှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ အတွက်လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုနိုင်မှုမှာ အနည်းငယ်သာကောင်းမွန်ပြီး အခြားအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်း၊ သတင်းဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

မကြီးကုန်းလေးကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုမရှိ၍ တည်ငြိမ်အေးချမ်းစွာရှိပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ နေ့စဉ်မီးကင်းလှည့်ခြင်း၊ မီးသုံးစွဲချိန်နှင့် မီးငြိမ်း သတ်ချိန်များကို စနစ်တကျ ဆောင်ရွက်ထားရှိသည်ကိုတွေ့ရပါသည်။ သို့သော်လည်း မီးဆိုသည်မှာ တကယ်တွေ့ကြုံလျှင် မလွယ်ကူသောကြောင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ခြင်းသင်တန်းများ ပေးစေလိုပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

မကြီးကုန်းလေးကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်းမှာ ကျား(၃၇၄)ဦးနှင့် မ(၁၈၂)ဦး၊ စုစုပေါင်း(၁၉၂)ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏(၇၃)%ရှိပါသည်။ လက်ရှိတွင်မူလတန်းတက်ရောက်သင်ကြားသူ(၄၃)ဦး၊ အလယ်တန်းတက်ရောက် သင်ကြားသူ(၅၈)ဦးစသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေများပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များရှိနေပါသည်။ ထို့အပြင်ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာတိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလ အတွက် အားရ ဖွယ်ရာပင်ဖြစ်သည်။

ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများကို ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်ပြုလုပ်သဖြင့် ကျန်းမာရေးအသိပညာများ လက်လှမ်းမှီမှုရှိသည်။ ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အလွယ်တကူလက်လှမ်းမှီနိုင်ပါသည်။

မကြီးကုန်းလေးကျေးရွာတွင် နှမ်း၊ ၊ ပဲကြီး၊ ဝါနှင့် ပဲစဉ်းငုံများကို အဓိကအားထား စိုက်ပျိုးကြပြီး နှစ်စဉ်ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက်နှုန်းကျဆင်း လျှက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ရန် အတွက် ငွေကြေးမလုံလောက်မှုကြောင့် ချေးငွေယူ၍လုပ်ကိုင်ကြရသည်။ လုပ်သားခစျေးနှုန်းမြင့်မားကြောင်းတွေ့ရသည်။ ပဲစဉ်းငုံနှင့် နှမ်းသီးနှံများတွင် ဖျက်ပိုးများကျရောက်မှု ပိုမိုတွေ့လာရပြီး ယင်းဖျက်ပိုး

သည် အချို့ပိုးသတ်ဆေးများကို ခံနိုင်ရည်ရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်စွာနှိမ်နင်းသည့် နည်းစနစ်ကိုလိုလားကြသည်။ စိုက်ပျိုးရေးစရိတ်အတွက် တောင်သူများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေမှ ချေးငွေချေးယူရပါသည်။ ကျေးရွာအနေဖြင့် စိုက်ပျိုးရေးနှင့် သွင်းအားစုများအတွက် အလွယ်တကူရရှိနိုင်ရေး အကူအညီလိုအပ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်သော အစီ အစဉ်မရှိသေးပါ။ တောင်သူအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်သော အထောက်အပံ့များရရှိရန် လိုအပ်လျက်ရှိပါသည်။

ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သောအိမ်ထောင်စု အားလုံးနီးပါးသည် နွားကိုခိုင်းစေရန် မွေးမြူပြီး၊ အိမ်ထောင်စုအနည်းငယ်သည် ကြက်နှင့် ဝက်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူသည့် အလေ့အထ များရှိခြင်းသည် စိုက်ပျိုးရေးလုပ်ငန်းအတွက်များစွာ အကျိုးပြုသကဲ့သို့ မိသားစုဝင်ငွေကိုလည်း ပိုမိုရရှိစေပါ သည်။

မကြီးကုန်းလေးကျေးရွာတွင် ကျေးရွာအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိသည့်အတွက် အလုပ် အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ် လုပ်ငန်းအတွက် ကုန်ကြမ်း ၊နည်းပညာနှင့် အထိအတွေ့နည်းပါးသည်။ ထို့ကြောင့်နိုင်ငံတော်မှ အလုပ် အကိုင်အခွင့်အလမ်းရရှိရေး အသက်မွေးဝမ်းကြောင်းပညာများ သင်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ် လျက်ရှိပါသည်။

ကျေးရွာတွင်လူငယ်များသည် လူငယ်အသင်းအဖွဲ့အနေဖြင့် ကျေးရွာ၏သာရေး၊ နာရေး၊ ဘာသာရေး တို့တွင်ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်း တို့ကိုဆောင်ရွက်ကြသည်။ ကျေးရွာရှိအိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများနှင့် နှစ်ရှည်လများ အတူတကွ နေထိုင်လာကြသူများဖြစ်ကြပြီး ကြီးကြီးမားမားမှုခင်းများ ဖြစ်ပွားမှုနည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်သည်။

ကျေးရွာအိမ်ထောင်စု(၁)စုလျှင် ပျမ်းမျှဖုန်း(၁)လုံးအသုံးပြုနိုင်ပြီး အင်တာနက်ချိတ်ဆက် အသုံးပြု နိုင်မှုနည်းပါးခြင်း၊ အိမ်ထောင်စု(၄၅%) စလောင်းအသုံးပြုနိုင်ခြင်းကြောင့် သတင်းအချက် အလက်များအချိန် နှင့်တပြေးညီ သိရှိနိုင်ပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

မကြီးကုန်းလေးကျေးရွာတွင် စီမံအုပ်ချုပ်မှုကဏ္ဍအနေဖြင့် ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက် မှုနှင့်ညီညွတ်မှုရှိသည်ကိုတွေ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နှမ်း၊ ပဲကြီး၊ ဝါနှင့် ပဲစဉ်းငုံ စိုက်ပျိုးသော်လည်း နှစ်စဉ်ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံအထွက်နှုန်းကျဆင်း လျှက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ရန်

အတွက် ငွေကြေးမလုံလောက်မှုကြောင့် ချေးငွေယူ၍ လုပ်ကိုင်ကြရသည်။ လုပ်သားခ စျေးနှုန်းမြင့်မားမှုရှိသည်ကိုလည်းတွေ့ရသည်။ ပဲစဉ်းငုံနှင့် နှမ်းသီးနှံများတွင် ဖျက်ပိုးများကျရောက်မှု ပိုမိုတွေ့လာရပြီး ယင်းဖျက်ပိုးသည် အချို့ပိုးသတ်ဆေးများကို ခံနိုင်ရည်ရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်စွာနှိမ်နင်းသည့်နည်းစနစ်ကိုလိုလားကြသည်။ ကျေးရွာအနေဖြင့် စိုက်ပျိုးရေးနှင့် သွင်းအားစုများအတွက် အလွယ်တကူ ရရှိနိုင်ရေးအကူအညီလိုအပ်သည်။

မွေးမြူရေးစျေးကွက် သဘောတရားများနှင့် ချိတ်ဆက်မှုကွင်းဆက်များအား နားလည်မှုမရှိခြင်းကြောင့် မကြီးကုန်းလေးကျေးရွာတွင် မွေးမြူရေးကဏ္ဍ၌ ကျယ်ကျယ်ပြန့်ပြန့် မွေးမြူလာကြရန် မဝံ့မရဲဖြစ်နေကြပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက် မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှုအားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း အတွက် နီးစပ်ရာကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများမသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန် အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့က လည်း လိုအပ်ချက်များရှိနေဆဲဖြစ်သည်။

(၆) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) ဦးစားပေးစီမံချက်များ

မကြီးကုန်းလေးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ဦးစားပေးအဆင့်သတ်မှတ်ခြင်း

စဉ်	အဆိုပြုစီမံချက်အမည်	ပေးမှတ်	ဦးစားပေးအဆင့်
၁	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းစီမံချက်	၉၈	၁
၂	စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းစီမံချက်	၉၆	၂
၃	ချောင်းရေကာတာဆောက်လုပ်ခြင်းစီမံချက်	၉၃	၃
၄	ဂါလံ(၅၀၀၀)ဆံ့အုတ်ရေလှောင်ကန်နှင့်ရေပိုက်လိုင်းသွယ်တန်းခြင်းစီမံချက်	၈၇	၄
၅	မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေးစီမံချက်	၈၅	၅
၆	ကျောင်းဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းစီမံချက်	၈၃	၆
၇	စာသင်ကျောင်းအတွင်းယင်လုံအိမ်သာဆောက်လုပ်ခြင်းစီမံချက်	၈၀	၇

(ခ) အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလသတ်မှတ်ခြင်း

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအားအခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈	၂၀၂၈-၂၀၂၉	၂၀၂၉-၂၀၃၀	၂၀၃၀-၂၀၃၁
၁	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းစီမံချက်	၁					
၂	စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းစီမံချက်	၂					
၃	ချောင်းရေကာတာဆောက်လုပ်ခြင်းစီမံချက်	၃					
၄	ဂါလံ(၅၀၀၀)ဆံ့အုတ်ရေလှောင်ကန်နှင့်ရေပိုက်လိုင်းသွယ်တန်းခြင်းစီမံချက်	၄					
၅	မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေးစီမံချက်	၅					
၆	ကျောင်းဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းစီမံချက်	၆					
၇	စာသင်ကျောင်းအတွင်းယင်လုံအိမ်သာဆောက်လုပ်ခြင်းစီမံချက်	၇					

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၅	၇		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၆	၁၀	၁၆		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၈	၁၅	၃၃		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၂	၁၉	၄၁		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၈၂	၁၉၂	၃၇၄		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၅	၂၃	၃၈		
စုစုပေါင်း		**၂၄၅**	**၂၆၄**	**၅၀၉**		
စုစုပေါင်း အိမ်ထောင်စု		**၁၂၀ - အိမ်ထောင်စု**				

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှုအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ မကြီးကုန်းလေးကျေးရွာတွင်အိမ်ထောင်စုပေါင်း(၁၂၀)စုရှိပြီး ကျား(၂၄၅)ဦး၊ မ(၂၆၄)ဦး စုစုပေါင်း(၅၀၉)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၃)ဦးနှုန်းရှိကြောင်းတွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်(၃၇၄)ဦးရှိသော်လည်း ထိုသူများအတွက် အလုပ်ပေးနိုင်မှုအားနည်းခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၄၃	၈၀	၅	၄၈	၃၂		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၄	၂၂	၄	၁၄	၈		မြင့် ☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁	၁	၁		၁		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅၂	၅၈	၇	၄၂	၁၆		မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	**၁၁၀**	**၁၆၁**	**၁၇**	**၁၀၄**	**၅၇**		☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ မကြီးကုန်းလေးကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပြီး လက်လီလက်ကားရောင်းဝယ်သူ(၁)အိမ်ထောင်စု၊ ပြည်ပသို့သွားရောက်လုပ်ကိုင်သူ (၅၂)အိမ်ထောင်စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

